

Swae Nyoe စွဲညို့

စာစဉ် - ၁

# မုန်းမာန်ဖွဲ့ရန်ငြိုး

ညိမ်းမြတ်

# အခန်း-၁

ထောင့်တစ်ထောင့်မှာ တိတ်ဆိတ်စွာ

မှောင်မိုက်နေတဲ့ ညမှာ အေးစက်နေတဲ့လေ ရုတ်တရက် တိုက်ခတ်လာတော့ ပျက်စီးနေပြီးသား အိမ်တံခါးကို ပိုလို့ ဆွေးမြေ့စေပြီး အသံမြည်နေစေတယ်။

ဝါရင့်အစေခံတချို့က ခြံဝန်းကို ဖြတ်သန်းပြီး အလျင်စလို သွားနေတယ်။ တခြားအစေခံတွေထက် သိသာထင်ရှားတဲ့ အရှိန်အဝါနဲ့ အစိမ်းဝတ်ရုံဝတ်ထားပြီး အင်္ကျီလက်စကို လက်မောင်းအထိ လိပ်တင်ထားတဲ့ အစေခံက ဦးဆောင်လာတယ်။ သူမ လက်ထဲမှာ စားစရာခြင်းတောင်းကို ကိုင်ထားပြီး အတွင်းခန်းထဲကို ဦးတည်နေတယ်။

ထူးဆန်းတဲ့ အနံ့အသက်က အိမ်တစ်ခုလုံးကို ပျံ့နှံ့နေလေရဲ့။ အသက်နည်းနည်း ပိုငယ်တဲ့ အစေခံက ဦးဆောင်သွားတဲ့ အစေခံနောက်ကနေ ကပ်လိုက်ပြီးတော့ တိုးတိုး ပြောလိုက်တယ်။

"အနံ့က တကယ်ဆိုးတာပဲ။ သခင်က အဲဒါကို ဘာလို့ ဒီမှာ ထားထားတာလဲ မသိဘူး။ အဲဒါက တကယ်ကြောက်ဖို့ ကောင်းတာပဲ"

သူမက ဒီနေရာကို ရောက်လာပြီးနောက် မအော်ဘဲ မနေနိုင်တဲ့အထိ အံ့ဩသွားပြီး သူမထက် ပိုရင့်ကျက်တဲ့ အစေခံအနောက်ကို တိုးကပ်ပြီးတော့ တီးတိုးပြောလိုက်မိတယ်။

"အဲလိုတော့ မဖြစ်နိုင်.."

"ဝမ် စကားကို လျှော့ပြော"

အစိမ်းရောင်ဝတ်အစေခံက စိတ်အနှောင့်အယှက် နည်းနည်း ဖြစ်သွားတယ်။

"ငါတို့နားက တစ်ယောက်ယောက်သာ ကြားသွားရင် မင်းကို သက်ညှာပေးမှာ မဟုတ်ဘူး"

ဝမ်က ခပ်မြန်မြန် နှုတ်ဆိတ်သွားတယ်။

တံခါးဝကို ရောက်တဲ့အခါ မျက်နှာဝိုင်းဝိုင်းနဲ့ အစေခံက ထွက်လာပြီး အိမ်ထဲ ပြန်မဝင်မီ အစားအစာ ခြင်းတောင်းကို ယူသွားတယ်။ ခဏအကြာမှာ သူမက ခြင်းအလွတ်ကို ယူပြီး ပြန်ထွက်လာတယ်။ အစိမ်းဝတ်အစေခံက ခြင်းတောင်းကို ယူလိုက်ပြီး မျက်နှာဝိုင်းဝိုင်း အစေခံကို ပြောလိုက်တာပေါ့။

"သခင်က အဲလူကို အခန်းထဲကနေ ခေါ်လာဖို့ ငါတို့ကို အမိန့်ပေးလိုက်တယ်"

"အဲဒါက.." မျက်နှာဝိုင်းအစေခံက ထိတ်လန့်သွားတယ်။

"ငါတို့ သိဖို့မလိုဘူး" အစိမ်းဝတ်အစေခံက သက်ပြင်းချလိုက်ပြီး ဝမ်ကို ခေါ်လိုက်တယ်။

"ဒီကိုလာပြီး အဲဒီလူကို ခေါ်လာခဲ့"

ခန်းမထဲက မီးအိမ်ကို ထွန်းညှိလိုက်လို့ ခန်းမက အနည်းငယ် လင်းလာတယ်။ ဝမ်က သူမနှာခေါင်းကို လက်ဖြင့် ညှစ်ပိတ်ထားပြီး ခဏကြာတော့ သစ်သားစည်ပိုင်းထဲက အရာကို တွေ့လိုက်ရတာပေါ့။ အဲဒီအရာကို ပထမဆုံး မြင်တွေ့ဖူးခြင်း ဖြစ်ပြီး သူမက အန်ချမိတော့မလိုပဲ။ သူမက နေ့တိုင်း

အစိမ်းရောင်ဝတ်အစေခံနှင့် အစားအစာများ လာပို့ဖူးပေမဲ့ အတွင်းမှလူကို သေသေချာချာ မမြင်ခဲ့ဖူးဘူး။

သစ်သားစည်ပိုင်းထဲက အဲဒီအရာက လူလို့တောင် ခေါ်လို့ မရနိုင်တော့ဘူး။ သူမရဲ့ ခြေလက်လေးဖက်လုံးက အဖြတ်ခံထားရတယ်။ သူမက သစ်လုံးလို ခန္ဓာကိုယ်ဖြစ်နေပြီး သစ်သားစည်ပိုင်းထဲမှာ ယိမ်းထိုးနေလို့ ထောက်ကန်ပေးထားရတာ။ သူမဆံပင်တွေကို ရာဘာအပိုင်းအစတွေနဲ့ စည်းနှောင်ထားတယ်။ အဲဒီအရာက အမျိုးသမီးနဲ့ တူသလိုလို ရှိတာပဲ။

အစိမ်းရောင်ဝတ် အစေခံက ငေးကြည့်နေပြီး သူမရဲ့မျက်လုံးထဲမှာ သနားစိတ်တွေ ဖြစ်ပေါ်လာတယ်။ သူမက ဒီအမျိုးသမီးအကြောင်းကို နည်းနည်းတောင် မသိပေမဲ့ ဒီအမျိုးသမီးက မသန်မစွမ်း ဖြစ်နေလို့ သူမကို သနားစိတ် ဖြစ်ပေါ်စေတယ်။ ဒါ့အပြင် သခင်က သူတို့အား သူမကို ဒီနေ့ အပြင်ခေါ်လာခိုင်းတာမှာ သူမအတွက်ကတော့ မကောင်းနိုင်ဘူး။

ဝမ်က ကြောက်နေပြီး ရွံသလိုလည်း ခံစားနေရပေမဲ့ သူမက အမိန့်တွေကိုတော့ မလွန်ဆန်ရဲဘူး။ သူမက စိတ်တင်းလိုက်ပြီး သစ်သားစည်ပိုင်းကို အိမ်အပြင်ကို သယ်ထုတ်လာတယ်။ အထဲက အမျိုးသမီးက အိပ်နေသလိုနဲ့ ဆူညံသံလည်း မလုပ်ဘူး။

သစ်သားစည်ပိုင်းကို သခင်ရဲ့အမိန့်အတိုင်း အိပ်ဆောင်နားမှာ ထားလိုက်တယ်။ ဝမ်က သူမဖာသာ တွေးလိုက်မိတယ်။ ဒီလို ကြောက်စရာကောင်းတဲ့အရာကို ဘာကြောင့် အိမ်ထဲမှာ ထားနေရသေးတာလဲ။ သစ်သားစည်ထဲက အမျိုးသမီးက မျက်လုံးတွေကို ဖွင့်ပြီး ဝမ်ကို ကြည့်လာတယ်။ ထူးဆန်းပြီး ကြောက်စရာကောင်းတဲ့ အမျိုးသမီးဆီမှာ သိသိသာသာ လှပတဲ့ မျက်ဝန်းတစ်စုံ ရှိပြီး အဲဒါက ဆွဲဆောင်မှုရှိရှိ အေးစက်ပြီး အပြစ်ကင်းစင်နေတယ်။ အဲဒီမျက်လုံးတွေက စိမ်းစိုနေတဲ့ တောင်တန်းကို ဖြတ်ပြီး စီး

ဆင်းလာတဲ့ ရေရဲ့ ကြည်လင်မှုမျိုးနဲ့ လှုပ်ရှားနေလေရဲ့။

ဝမ်က တစ်ခဏ ကြက်သေသေသွားပြီး ခပ်မြန်မြန် ပြန်လှည့်လိုက်ကာ တံခါးကို ဖွင့်ပြီး အပြင်ကို ထွက်လာခဲ့တယ်။

ကျန်းယွမ်က မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်တယ်။

အမှောင်ထဲမှာ အချိန်အကြာကြီး ပိတ်လှောင်ခံထားရပြီးနောက် သူမက အလင်းနဲ့ နေသားမကျ ဖြစ်နေတယ်။ သူမရဲ့ အခြေအနေကို သေသေချာချာ သုံးသပ်ပြီးတဲ့နောက် သူမက ကူကယ်ရာမဲ့စွာ ရယ်မောလိုက်မိတယ်။ တစ်ချိန်တုန်းက သူမက ကာကွယ်ရေးဝန်ကြီးရဲ့ အကြီးဆုံးသမီး မိန်းမလှလေးယွမ် ဖြစ်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ အခုတော့ သူမက လူယုတ်မာလိုမျိုး ဆက်ဆံခံရတယ်။ သူမက နောက်ထပ် ဘယ်တော့မှ ခေါင်းထောင်နိုင်မှာ မဟုတ်တော့ဘူး။

သူမက အသက် ဆယ့်ခြောက်နှစ်အရွယ် အရင်အချိန်နဲ့ သူမ နန်းတော်ကို မဝင်ခင် သူမအဖေ ပြောခဲ့တဲ့ စကားတွေကို ပြန်တွေးလိုက်မိတယ်။

"ယွမ်အာ သမီးက နန်းတော်ထဲကို ကိုယ်လုပ်တော်အဖြစ် ဝင်ရတယ် ဆိုမှတော့ ကျောင်း-ကျန်း မိသားစုက သမီးကို ထောက်ပံ့ပေးမှာပါ။ သမီး စိတ်မပူပါနဲ့"

သူမညီမက သူမလက်ကို မျက်ရည်စက်လက်နဲ့ ဆုပ်ကိုင်ပြီး။

"မမယွမ် မမက ညီမလေးရဲ့ ကယ်တင်ရှင်ပါ။ တကယ်လို့ ညီမလေးသေရမယ် ဆိုရင်တောင် မမရဲ့ကြင်နာမှုကို ပြန်ပေးနိုင်မှာ မဟုတ်ပါဘူး"

ပြီးတဲ့နောက် သူက သူမလက်ကို တင်းတင်းဆုပ်ကိုင်ပြီးနောက်။

"နည်းနည်းလောက် ထပ်စောင့်ပါအုံး။ သိပ်မကြာခင်မှာ ငါက မင်းကို တရားဝင်မိန်းမအဖြစ် လက်ထပ်မှာပါ"

ဒါပေမဲ့ အခုတော့ သူမအဖေက လေးစားထိုက်တဲ့ အာဏာရှိသူ ဝန်ကြီးချုပ်အဖြစ် ရာထူးတိုးမြှင့်ခံရပြီး သူမမိထွေးက ဝန်ကြီးချုပ်ကတော် ဖြစ်လာတယ်။ အဲဒီလူက ထီးနန်းဆက်ခံခဲ့ပြီး သူမညီမလေးက ဧကရီ ဖြစ်လာတယ်။ သူတို့တွေက သူမကို သူတို့စိတ်ထဲကနေ ထုတ်ပစ်လိုက်ပြီးတော့ စွန့်ပစ်ခဲ့တယ်။ နောက်ဆုံးမှာ သူမကို သတ်ပစ်ခဲ့တယ်။

သူမအသက် ငါးနှစ်အရွယ်မှာ သူမရဲ့မွေးမိခင်က သေဆုံးသွားခဲ့ပြီး သူမ အစ်ကိုကလည်း စစ်ပွဲအတွင်းမှာ သေဆုံးသွားခဲ့တာ။ သူမအဖေရဲ့ ကိုယ်လုပ်တော်က ဒုတိယဇနီး ဖြစ်လာတယ်။ လမ်းသွားလမ်းလာ တာအို ဘုန်းကြီးတစ်ပါးက သူမမွေးနေ့ကို တွက်ချက်ပြီး သူမက မိဘတွေကို ကံဆိုးစေသူလို့ ပြောတော့ သူမကို ကျေးလက်က အိမ်တော်တစ်ခုဆီ ပို့ လိုက်ကြတယ်။ ဆယ့်ငါးနှစ်ရောက်ခါနီးမှာ ကျန်းချူမ်က သူမကို သူ့ သွေးသားအဖြစ် ပြန်သတိရပြီး အိမ်တော်ဆီ ပြန်ခေါ်ခဲ့တာပဲ။

ဧကရာဇ်က ကျန်းမိသားစုနဲ့ မင်းသားရှစ်တို့ ပူးပေါင်းနေတယ်လို့ သံသယရှိခဲ့ပြီး သူ့ကို နန်းတော်ဆီ ဆင့်ခေါ်ခဲ့တယ်။ အပေါ်ယံမှာ သူက စေတနာရှိပုံပေါ်ပေမဲ့ တကယ်တမ်းမှာ မင်းသားရှစ်ကို စစ်ဆေးဖို့ပဲလေ။

ကျန်းအိမ်တော်မှာ တရားဝင်သမီးနှစ်ယောက် ရှိတယ်။ ကျန်းစုစုရဲ့ ခန္ဓာကိုယ်က အားနည်းပြီး အပြစ်ကင်းတယ်။ ဘယ်သူကမှ ဧကရာဇ်ရဲ့ အမိန့်ကို မဖီဆန်ရဲလို့ ကျန်းချူမ်က ကျန်းယွမ်ကို နန်းတော်ကို ဝင်စေခဲ့ပြီး မိန်းမလှလေးယွမ် ဖြစ်စေဖို့ အမိန့်ပေးခဲ့တယ်။

သူမက အခြေအနေကို ကြိုးစားပြီး လက်ခံပေးလိုပေမဲ့ ဘုရင်ရဲ့လိုအင်ကို ဖြည့်ဆည်းပေးဖို့အတွက် တောင့်မခံနိုင်ခဲ့ဘူး။ သူမ အရွယ်ရောက်လာတဲ့ အချိန်မှာ အတွင်းနန်းဆောင်မှာ ပင်ပန်းနေပြီ ဖြစ်တယ်။ တကယ်လို့သာ မင်းသားရှစ်က သူမကို မကြာခဏ ပွေ့ဖက်နှစ်သိမ့်မှု မပေးခဲ့ရင် သူမက

အဝတ်ဖြူနဲ့ ကြိုးဆွဲချ သေဆုံးခဲ့မှာ ဖြစ်တယ်။ သူမ ကလေးဘဝတည်းက သူမအမေနဲ့ အစ်ကိုကလွဲလို့ သူမကို အဲလိုမျိုး ဆက်ဆံပေးသူ မရှိဘူး။ သူမရဲ့နှလုံးသားကို သူ့အတွက် ပေးအပ်ခဲ့ပြီး နန်းတော်ထဲမှာ ကျွန်းမိသားစုအတွက် စစ်တုရင်တစ်ရုပ်လိုမျိုး နေထိုင်ပေးခဲ့တယ်။ ဘုရင်က နန်းစွန့်ဖို့ ဖိအားပေးခံရပြီး သေဆုံးသွားမယ်လို့ ဘယ်သူကမှ ထင်ထားမှာ မဟုတ်ဘူး။ နောက်တော့ သူတို့က ဘုရင်ကို သတ်တယ်လို့ သူမကို စွပ်စွဲပြီး အကျဉ်းချလိုက်တယ်။ နောက်တော့ သူမကို တိုင်းပြည်ကို ဖျက်ဆီးတဲ့ မိဖုရားဆိုပြီး ခေါ်ကြတော့တာပဲ။

သူမက စင်မြင့်မှာ ရပ်နေရပြီး သူမရဲ့အေးစက်တဲ့ဖခင်ကို တွေ့လိုက်ရတော့ သူမ စွန့်ပစ်ခံရပြီမှန်း နားလည်လိုက်တယ်။ သူမက သူတို့အတွက် အသုံးမဝင်တော့တာကြောင့် သူမကို စွန့်ပစ်လိုက်ကြတယ်။

မှောင်မဲနေတဲ့ အကျဉ်းထောင်ထဲမှာ သူမကို တစ်ယောက်ယောက် လာကယ်ဖို့ မျှော်လင့်ချက် ရှိသေးတယ်လို့ တွေးမိခဲ့သေးတယ်။ ဒါပေမဲ့ အဲဒါက သူမအတွက် အိပ်မက်ဆိုး အစသာ ရှိသေးတာ ဖြစ်တယ်။

သူမရဲ့ အပြစ်ကင်းပြီး နတ်သမီးနဲ့ တူတဲ့ ညီမလေးက ကျွန်းယွမ်ကို လူယုတ်မာအဖြစ် လူတွေက ခြေလက်တွေ ဖြတ်ပစ်လိုက်တာကို ပြုံးပြီး ကြည့်နေခဲ့တယ်။

ကျွန်းယွမ်က စိတ်ပျက်ပြီး စိတ်တိုနေပေမဲ့ သူမကံကြမ္မာကို ကြိတ်မှိတ်လက်ခံရုံသာ ရှိတယ်။ ဒါပေမဲ့ သူမက နတ်သမီးလိုမျိုး ညီမလေးကနေ ပြောတာကို ကြားလိုက်ရတယ်။

"မမယွမ် သိလား။ ညီမလေးက သန့်ရှင်းတာကို ကြိုက်တယ်။ ညီမလေးက သဲမှုန်လေးတစ်ခုကိုတောင် သည်းမခံနိုင်ဘူး။ မမယွမ်က ညီမလေးနှစ်တွေ အများကြီး သည်းခံလာခဲ့တဲ့ သဲတစ်ပွင့်ပဲ။ အခုတော့ မမကို ရှင်းဖို့

အချိန်ရောက်ပြီ"

သူမက အပြုံးလေးနဲ့ နောက်ထပ်စကားကို ထပ်ပြောတယ်။

"မင်းသားရှစ်က ညီမလေးကို ဧကရီအဖြစ် တင်မြှောက်တော့မှာ။ မမယွမ် မရလိုက်တဲ့ ဂုဏ်သရေကို ညီမလေး ကူပြီးတော့ ယူပေးပါရစေ"

နာကျင်မှုက အရိုးထဲအထိ စိမ့်ဝင်သွားတယ်။ ထုံကျင်တာက ဘာလဲ ဆိုတာကို သူမ နောက်ဆုံးမှာ သဘောပေါက် သွားခဲ့တယ်။ ဒါပေမဲ့ ကျန်းစုစုက သူမကို ဘာကြောင့် ဒီလောက်မုန်းတာလဲ ဆိုတာကို ကျန်းယွမ် နားမလည်ဘူး။

ကျန်းစုစုက သူမအတွေးကို သိနေသလိုမျိုး ပြုံးပြီး ပြောတယ်။

"မမယွမ်ရဲ့အမေက စစ်သူကြီးအိမ်တော်ရဲ့ အချစ်ခံရတဲ့ သမီးလေး မဟုတ်လား။ အစ်မက အဲဒီနောက်ခံနဲ့ ညီမလေးကို အထင်သေးခဲ့တာကိုး။ သနားစရာကောင်းလိုက်တာ"

ကျန်းစုစုက ခေါင်းကို စောင်းပြီး ပြုံးလိုက်တယ်။

"မနေ့က နေ့လယ်ခင်းမှာ စစ်သူကြီးအိမ်တော်က ပုန်ကန်မှုနဲ့ ကွပ်မျက်ခံလိုက်ရတယ်"

သူမက ကျန်းယွမ်ကို စိုက်ကြည့်ပြီး တစ်လုံးချင်း ဖြည်းဖြည်းချင်း ရှင်းလင်းပြတ်သားစွာ ပြောနေတယ်။

" (၁၀၃)ယောက်လုံး ခေါင်းဖြတ်ကွပ်မျက်ခံလိုက်ရတယ်"

အံ့ဩမှုက သူမကို မိုးကြိုးလိုမျိုး ဖြတ်သွားတယ်။ သူမစိတ်က ဗရမ်းဗတာ ဖြစ်သွားတယ်။ စစ်သူကြီးအိမ်တော်က သူမမိခင်ရဲ့အိမ်တော် ဖြစ်တယ်။ သူမ အတိတ်တုန်းက ကျန်းချွမ်နဲ့ လက်ထပ်ခဲ့လို့ စစ်သူကြီးအိမ်တော်နဲ့ ရန်ဖြစ်ခဲ့ပြီး အပြန်အလှန် ဆက်သွယ်မှု မရှိတော့ပေမဲ့ သွေးက ရေ

ထက်တော့ ပျစ်တယ်။ သူမနှလုံးသားကို ဓားနဲ့လှီးလိုက်တာကို သူမက ဘယ်လို လွတ်မြောက်နိုင်မှာလဲ။

သူမက ကျန်းစုစုကို မျက်နှာသေနဲ့ ငေးကြည့်နေမိတယ်။ ဒါပေမဲ့ ကျန်းစုစုက လှောင်သလို ရယ်တယ်။

"မမယွမ်က ဒီလောက်လေးနဲ့ စိတ်တိုနေပြီလား။ မစိုးရိမ်ပါနဲ့။ မမအတွက် လက်ဆောင်အကြီးကြီး ပြင်ထားသေးတယ်။ အဲဒါကို မမ မကြာခင် ရမှာပါ"

ကျန်းယွမ်ကို မည်းမှောင်နေတဲ့ အိမ်ကို ပို့လိုက်တယ်။ အသက်ရှင်ဖို့ ရက်အနည်းငယ် ရုန်းကန်ပြီးတဲ့နောက် ဒီနေ့မှာ သူမက အလင်းရောင်ကို တွေ့ခွင့်ရတယ်။ တံခါးက အသံမြည်ပြီးတော့ ပွင့်လာတယ်။ အရက်မူးနေတဲ့ လူ၀ကြီးက ငယ်ရွယ်တဲ့ ကောင်လေးကို ဆွဲလာပြီး ကြမ်းပေါ်ကို ပစ်ချလိုက်တယ်။ ကောင်လေးက အားကုန်သုံးပြီးတော့ ရုန်းကန်နေတယ်။ ကျန်းယွမ်က ကောင်လေးရဲ့ မျက်နှာကို တွေ့လိုက်ရတော့ သူမမျက်နှာက ဖြူရော်သွားတယ်။

အဲဒါက ဖေးအာပဲ။

နန်းတော်တွင်းက အမျိုးသမီးတွေက ကံမကောင်းကြဘူး။ ဧကရာဇ်ရဲ့ သားတော်ကို ပွေ့ဖက်နိုင်တဲ့သူ များများမရှိဘူး။ တချို့ကလည်း မွေးပြီးတာနဲ့ သေဆုံးသွားကြတယ်။ ဖေးအာရဲ့မွေးမိခင်က အဆင့်နိမ့်အစေခံ ဖြစ်တယ်။ ဖေးအာကို မွေးပြီး မကြာခင်မှာ သေဆုံးသွားတယ်။ ဧကရာဇ်က အဆင့်နိမ့်ပြီး မွေးလာတဲ့ သားကို တန်ဖိုးမထားဘူး။ ကံကြမ္မာကြောင့် ကျန်းယွမ်က ဖေးအာရဲ့ မွေးစားအမေ ဖြစ်လာတယ်။ ခြောက်နှစ်ကျော်ပြီးနောက်မှာ ကျန်းယွမ်နဲ့ ဖေးအာကြားမှာ အမေနဲ့သား ဆိုတဲ့ သံယောဇဉ် ဖြစ်လာတယ်။ နန်းတော်ထဲက အခြေအနေ စတင်ပြောင်းလဲလာတဲ့အခါ

သူမက ကိုယ်ပိုင်အစေခံကို ဖေးအာနဲ့အတူတူ ထွက်ပြေးခိုင်းခဲ့တယ်။ ကြည့်ရတာ သူတို့ ထွက်မပြေးနိုင်ခဲ့ဘူး။

"အမေ အမေ" ဖေးအာက ရှန်းကန်ရင်း အော်ဟစ်နေတယ်။ ဒါပေမဲ့ သူက ချုပ်ထားတဲ့ လက်နှစ်ဖက်ကနေ မရုန်းထွက်နိုင်ဘူး။

ကျန်းယွမ်က စိတ်ဓာတ်ကျခြင်းကို ပြင်းထန်စွာ ခံစားလိုက်ရတယ်။ နန်းတော်ထဲကို မဝင်ခင်ကတည်းက အမတ်လီတုန်ရဲ့ စက်ဆုပ်ဖွယ် အကြောင်းတွေကို သူမ ကြားခဲ့ဖူးတယ်။ ဒါပေမဲ့ အခုတော့ သူမရဲ့တစ်ဦးတည်းသောသားကို ဒီမကောင်းဆိုးဝါး အနိုင်ကျင့်နေတာကို ငေးပြီးပဲ ကြည့်နေရတယ်။

သူမ ကျယ်လောင်စွာ အော်လိုက်မိတယ်။ ဒါပေမဲ့ သူမက အက်ပြီးတော့ မပီမသ အသံကိုပဲ ထုတ်လွှတ်နိုင်တယ်။

"အ.. အ"

လီတုန်က သူမကို ရှုံ့ပြီးတော့ မုန်းတီးစွာ ပြောတယ်။ "ဧကရီက ဘာလို့ ဒီဟာကို ငါလုပ်နေတာကို ကြည့်ခိုင်းတာလဲ မသိဘူး။ ဒါက ငါ့ကို အရသာ ပျက်စေတယ်"

သူက အဲလို တွေးခဲ့ပေမဲ့ အဆုံးမှာတော့ သူက နန်းတော်တွင်းက အာဏာကို မလွန်ဆန်နိုင်ဘူး။ သူက တခြားဘာကိုမှ မတတ်နိုင်လို့ ဘာမှမသိတဲ့ ကလေးကို နှိပ်စက်ဖို့ကိုပဲ အာရုံစိုက် လိုက်တော့တယ်။

ကျန်းယွမ်က သစ်သားစည်ပိုင်းထဲမှာ ထိုင်နေတယ်။ ဒီတော့မှ ကျန်းစုစုက ဒီတစ်ကြိမ် သူမကို စောင့်ကြည့်ဖို့ လူအနည်းငယ် ထားထားတာကို တွေ့လိုက်ရတယ်။ ကျန်းစုစုက သူမရှေ့မှာ သူမရဲ့နောက်ဆုံး မိသားစုဝင် သေဆုံးတာကို ကြည့်စေချင်တယ်။ သူမက သစ်သားစည်ပိုင်းထဲမှာ ငြိမ်

သက်စွာ ထိုင်နေရင်း အတိတ်တုန်းက သူမအမေရဲ့မျက်နှာပေါ်က လက်လျော့လိုက်တဲ့အကြည့်၊ သူမအဖေရဲ့ အေးစက်စက်အပြုံး၊ မင်းသား ရှစ်ရဲ့ကတိစကား၊ ကျန်းစုစုက သူမလက်ကို ကိုင်ပြီး ကျေးဇူးတင်နေခြင်း၊ ဘုရင်ရဲ့ သံယောဇဉ်မဲ့ အေးစက်နေတဲ့ မျက်လုံးတွေနဲ့ အတွင်းနန်းဆောင်မှာ ခံစားခဲ့ရတဲ့ သူမ၊ အကြောင်းအရာအားလုံးကို မြင်ယောင်နေမိတယ်။

အဆုံးမှာတော့ အရာအားလုံးက ရှန်းကန်နေပြီး မျက်ရည်တွေနဲ့ ပြည့်နေတဲ့ ဖေးအာက သူမရှေ့မှာ ရှိနေတယ်။

လီတုန်က မတော်တဆ လှည့်ကြည့်မိပြီးနောက် စည်ပိုင်းထဲက လူကို တွေ့လိုက်ရတယ်။ အိပ်ရာအောက်ကို လန့်ပြီး ပြုတ်ကျသွားကာ သူက အော်လိုက်တယ်။

"တစ်ယောက်ယောက် လာစမ်း"

သစ်သားစည်ပိုင်းထဲက အမျိုးသမီးက တုန်လှုပ်နေရာက သွေးမျက်ရည် နှစ်ကြောင်းက ခါးသီးမှုနဲ့ မုန်းတီးမှုတွေကြောင့် စီးကျလာတယ်။ တံခါးကို ဖွင့်ပြီးတော့ ဝင်လာတဲ့ အစေခံက ရပ်တန့်သွားတယ်။ သူက အသက်ကို ယူဖို့ ရောက်လာတဲ့ အငြိုးကြီးဝိညာဉ်ကို ရင်ဆိုင်ရသလို ခံစားလိုက်ရတယ်။ သူ့တစ်ကိုယ်လုံးက ထိတ်လန့်မှုကြောင့် အေးစက်သွားသလိုပဲ။

လီတုန်က စိတ်အနှောင့်အယှက် ဖြစ်စွာနဲ့ ပြောတယ်။ "မင်း ဘာရပ်လုပ်နေတာလဲ။ သူ့ကို တုတ်နဲ့ သေအောင် ရိုက်လိုက်"

သူက စိတ်မကျေမနပ်မှုကြောင့် ဧကရီပေးထားတဲ့ အမိန့်ကို မရည်ရွယ်ဘဲ ချိုးဖောက်လိုက်မိတယ်။ အဲဒါက အရေးမကြီးဘူး။ အိမ်တစ်ခုလုံးက သူရဲ့ငယ်သားများနှင့် ပြည့်နေတာ ဖြစ်ပြီး သတင်းပေါက်ကြားမှာကို စိုးရိမ်ဖို့ မလိုအပ်ဘူး။

အိမ်ထိန်းက သတိဝင်လာပြီး လက်ထဲက တုတ်နဲ့ ကျန်းယွမ်ရဲ့မျက်နှာကို

အကြောင်းပြချက် ကင်းမဲ့စွာ ဆက်တိုက် ရိုက်လိုက်တယ်။

သစ်သားစည်ပိုင်းထဲကလူရဲ့နှလုံးသားကနေ လာတဲ့ သိပ်ကို လေးနက်တဲ့ ကျိန်စာကို ဘယ်သူကမှ မကြားလိုက်ကြဘူး။ တကယ်လို့ ငါ ပြန်မဝင်စားဘဲ ငါ့ပြာတွေ လွင့်ပါးပျောက်ကွယ် သွားရင်တောင်မှ ငါက တမလွန်ဘဝမှာ အငြိုးကြီးတဲ့ဝိညာဉ်ဖြစ်လာဖို့ ဆန္ဒရှိတယ်။ ငါ့ကို နာကျင်အောင် လုပ်ထားတဲ့သူတွေကို သူတို့သွေးကြွေးအတွက် သွေးနဲ့ ပြန်ဆပ်စေရမယ်။

တစ်ချိန်တည်းမှာ ရန်ပင်းနန်းတော်အတွင်း။

"ဒီနေ့ အရှင်မင်းကြီး စိတ်မပျော်ပုံပဲ" ကျန်းစုစုက နူးညံ့စွာ ပြုံးပြီး မေးလိုက်တယ်။

ဘုရင်အသစ်က မျက်လွှာကို ပင့်ကြည့်ရင်း တစ်ဖက်က အမျိုးသမီးကို ကြည့်လိုက်တယ်။ သူမက ခံ့ညားထည်ဝါတဲ့ ဖီးနစ်ငှက်ပုံ သရဖူနှင့် အနီရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားတယ်။ သူမရဲ့ရှင်းသန့်တဲ့ မျက်နှာက သေမျိုးလို့ မထင်ရစေဘဲ ကောင်းကင်ဘုံကိုးဆင့်မှ ဆင်းသက်လာတဲ့ နတ်သမီးနဲ့ တူနေတယ်။ ကျန်းချွမ်ရဲ့သမီးအငယ်က အမှန်ပင် လှပသိမ်မွေ့လေတယ်။

"ကျန်းယွမ်ရဲ့ သတင်းမရဘူးလား" ဧကရာဇ်အသစ်က ရုတ်တရက် အသံနိမ့်နိမ့်နဲ့ မေးလိုက်တယ်။

ကျန်းစုစုရဲ့ မျက်နှာက တစ်ချက် မည်းမှောင်သွားပြီး။

"မမယွမ်က ဖေးအာကို ခေါ်ပြီးတော့ ထွက်ပြေးသွားမယ်လို့ ကျွန်မ မယုံနိုင်ဘူး။ ဒီနှစ်တွေမှာ မမက ပင်ပန်းနေပြီ။ ဘယ်လိုပဲ ဖြစ်ဖြစ် သူမက အရှင်မင်းကြီးကို သံသယမရှိသင့်ပါဘူး"

ဧကရာဇ်အသစ်က ကျန်းယွမ်အကြောင်း တွေးလိုက်မိတယ်။ သူက

ကျန်းယွမ်ကို မှတ်မိဖို့ ကြိုးစားပေမဲ့ သူမက သူ့မှတ်ဉာဏ်ထဲမှာ မှုန်ဝါးတဲ့ အရိပ်အဖြစ်သာ ရှိနေတယ်။ သူမက ပျက်ယွင်းနေတဲ့ ဂုဏ်သတင်းနဲ့ ကြည့်ကောင်းတဲ့ အမျိုးသမီးအဖြစ်သာ အကောင်းဆုံး ကျန်ရှိတော့တယ်။ သူက ကျန်းမိသားစုရဲ့ နောက်ခံအင်အား ကြီးမားတာကြောင့် လက်ထပ်ခဲ့တာ ဖြစ်ပြီး ကျန်းယွမ်နဲ့ ကျန်းစုစုက ခြားနားချက် မရှိဘူး။ ကျန်းယွမ်ကတော့ အရင်ဘုရင်ရဲ့မိန်းမ ဖြစ်ဖူးတာကြောင့် သူက သူမကို တရားဝင်ယူလို့တော့ မဖြစ်နိုင်ဘူး။

ကျန်းယွမ်က အခုတော့ လက်လွှတ်လိုက်ရတဲ့ နယ်ရုပ်လေးသာ ဖြစ်ပေမဲ့ သူက သက်ပြင်းရှည် ချလိုက်မိတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက သူက ကျန်းယွမ်ရဲ့အကူအညီနဲ့ ခက်ခဲတဲ့ အခြေအနေတွေကို ကျော်ဖြတ်နိုင်ခဲ့တယ်။ သူမက သူ့ကို အကူအညီ အများကြီး ပေးခဲ့ဖူးတယ်။ ဒါပေမဲ့ သူမက ဘာလို့ သူ့ဆုံးဖြတ်ချက်ကို မစောင့်ဘဲ အကျဉ်းထောင်ကနေ ထွက်ပြေးသွားရတာလဲ။

သူက စိတ်မထိန်းနိုင်တာကို မကြိုက်ဘူး။

ဧကရာဇ်အသစ်က အေးစက်စွာ ပြောလိုက်တယ်။

"ကျေးဇူးမသိတဲ့သူပဲ။ အချိန်ကျလာပြီ။ ငါတို့ သွားစို့"

ကျန်းစုစုက ဒူးညွှတ်ကာ အရိုအသေပေးပြီးနောက် သူမလက်ကို အဲဒီအမျိုးသားရဲ့လက်ထဲကို ထည့်လိုက်တယ်။

ဧကရာဇ်အသစ်က ရှမ်းတိဆယ့်ရှစ်ဆက်မြောက်ဘုရင်အဖြစ် ထီးနန်းကို ဆက်ခံခဲ့ပြီးတော့ သခင်မလေးကျန်းက ဧကရီဖြစ်လာခဲ့ပြီး ထာဝရလက်တွဲသွားကြဖို့ ကြိုးစားခဲ့တယ်

***

# အခန်း-၂
# နှစ်သစ်ကူးညစာ

အစိမ်းရောင်ကြွေပြားသုံးတန်း ကပ်ထားတဲ့ အနီရောင်နံရံတွေ ရှိတဲ့ ကျေးလက်အိမ်ကလေးက ကျယ်ဝန်းတဲ့ခြံဝန်းထဲမှာ နှင်းတွေက တစ်လွှာပြီးတစ်လွှာ ဖုံးလွှမ်းနေတယ်။ ကြီးမားတဲ့ အနက်ရောင်ခွေးကြီးက အိမ်ရှေ့က ပန်းကန်အကွဲထဲမှ အရိုးကို ပျင်းရိပျင်းတွဲ ကိုက်ပြီး စောင့်နေတယ်။ အေးစက်တဲ့လေက အဲဒီအရာကို ပိုပြီး အေးခဲနေစေပုံပဲ။ ခွေးက နွေးထွေးတဲ့ ခွေးအိမ်ထဲကို ပြန်ဝင်သွားတယ်။

နှစ်သစ်ကူးပွဲတော်ကို ရောက်ပြီဖြစ်တယ်။ အသီးအနှံ အမြောက်အမြားပါဝင်တဲ့ လှပတဲ့ ပန်းချီတွေကို အဝင်ဝမှာ ခင်းကျင်းထားတယ်။ မီးအိမ်ကြီးသုံးခုကို ခေါင်မိုးမှာ ချိတ်ဆွဲထားတယ်။ အပြင်ကနေ ဗျောက်ဖောက်သံကို ကြားနိုင်တယ်။ အိမ်သူအိမ်သားတွေက ပျော်ပျော်ရွှင်ရွှင်နဲ့ နှစ်သစ်ကူးညစာစားပွဲတော်မှာ ကျေနပ်သဘောကျနေကြတယ်။ ကျေးရွာစားစရာတွေကို ကျွေးမွေးထားတာ ဆိုပေမဲ့ အဓိက ဟင်းပွဲရှစ်ခုကိုတော့ သေသေချာချာ ချက်ပြုထားတယ်။ အသားအနဲ့ဟင်းသီးသင်းရွက်တစ်ခုစီက လိုက်ဖက်ညီနေတယ်။ အဲဒီဟင်းလျာတွေက ပဲပင်ပေါက်ငါးအစပ်ချက်၊ ဝက်သားနှပ်၊ ကြက်လက်ဖက်ရည်နှပ်၊ ငါးမျိုးဟင်းလျာ၊ သိုးသားဖက်ထုပ်၊ ကောင်းချီဖြာပုဇွန်၊ ပျော်ရွှင်မှုအသားလေးလုံးနဲ့ စည်းစိမ်ပေါများဟင်းလျာတွေ ဖြစ်တယ်။

လူအုပ်ကြီးက သောက်စားပြီး လောင်းကစား လုပ်နေကြတယ်။ စိတ်ထားထက်သန်ပြီး ဆူညံနေတာက ထူးဆန်းတဲ့ မြင်ကွင်းဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ ကျေးလက်အိမ်လေးရဲ့ အစွန်အဖျားမှာ မှုန်မှိုင်းတဲ့ အငွေ့အသက်တွေ ရှိနေယ်။ အထီးကျန်ဆန်တဲ့ အခန်းလေးတစ်ခုထဲမှာ ဖယောင်းတိုင်မီးအလင်းက မှိန်ဖျော့နေပြီးတော့ မကြာခင် ငြိမ်းသွားတော့ မလို မှတ်ထင်ရတယ်။

အရပ်ရှည်ရှည် အသက်ငယ်ငယ်နဲ့ အစေခံက သူမဆံပင်ကို အပေါ်မှာ ထုံးထားပြီးတော့ အိမ်ရှေ့မှာ ထိုင်ပြီး မီးစာကို မီးသွေးမီးဖိုထဲ ဂရုတစိုက် ထည့်နေတယ်။

မျက်နှာသေးသေးနဲ့ တခြားအစေခံက ဟောင်းနွမ်းနေတဲ့ ယပ်တောင်ကို ကြမ်းပြင်ကနေ ကောက်ယူလာပြီး သေသေချာချာ ယပ်မခပ်ရသေးခင် အိမ်ထဲကနေ မြန်မြန်ပြေးလာတယ်။ သူမက ဆူလိုက်တယ်။

"လျှန်ချောင် နင်ပိုပြီး ဂရုစိုက်သင့်တယ်။ ငါတို့မမလေးရဲ့ ကျန်းမာရေးက ကောင်းသေးတာ မဟုတ်ဘူး။ သူချောင်းဆိုးသွားရင် ဘယ်လိုလုပ်မလဲ"

လျှန်ချောင်က စိတ်ဆိုးနေတဲ့ မျက်နှာထားနဲ့ နှုတ်ခမ်းကို မဲ့လိုက်တယ်။ ဒါပေမဲ့ သူမက အသံကိုတော့ လျှော့လိုက်လေတယ်။

"ငါလည်း မီးခိုးမထွက်ဖို့ မျှော်လင့်တာပဲ၊ ဒီနေ့ ငါ ကျန်းလန်မိသားစုဆီ သွားတယ်။ ငါ မီးသွေးတောင် မတောင်းဘူး။ ကျောက်မီးသွေးပဲ တောင်းတာပါ။ သူက ဒီရက်ပိုင်းအတွင်း အရမ်းအကုန်အကျ များတယ်။ ဒါကြောင့် သိုလှောင်ခန်းထဲမှာ ကျောက်မီးသွေးမရှိဘူးဆိုပြီး အပြစ်တောင် လာတင်နေသေးတယ်။ ဟမ့်.. သူက ဘယ်သူ့ကို လာလိမ်နေတာလဲ။ ဒီအချိန်ကြီး အိမ်မှာ ကျောက်မီးသွေး မရှိဘူးဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူက သူ့အာဏာကို သွားပြီး ငါတို့ကို အနိုင်ကျင့်နေတာပဲ။ ငါတို့ရဲ့ဖျားနေတဲ့

သခင်မလေးကြောင့်သာ မဟုတ်ရင် ငါ သူ့ကို ကြောက်စရာကို မလိုဘူး။ သူ့ကို နှစ်ခါပြန်တောင် ပါးရိုက်ပစ်မှာ"

"နင်.."

ယပ်ခပ်နေတဲ့ အစေခံက သက်ပြင်းထပ်ချလိုက်တယ်။

"နင်.. နင့်ရဲ့ခေါင်းမာတာကို ထိန်းချုပ်ထားသင့်တယ်။ ဒီမိသားစုကို ငါတို့ကို သည်းမခံနိုင်လောက်အောင် အနိုင်ကျင့်ရင်တောင် ငါတို့က သူတို့အမိုးအောက်မှာ နေနေရတုန်းပဲလေ။ ငါတို့ ခေါင်းတွေကို ငုံ့ထားရမယ်။ နင်ပြဿနာရှာရင် ငါတို့သခင်လေးပဲ ခံစားရမှာ"

လျှန်ချောင်က သူမကို အထင်သေးသလို ကြည့်လိုက်ရင်း၊

"ပိုင်ကျီ မင်း ဒီလောက် သူရဲဘောကြောင်မယ်လို့ ငါ မထင်ထားဘူး။ ဒီမိသားစုရဲ့ လူမှုအဆင့်အတန်းက ဘာလဲ။ ပြီးတော့ ငါတို့ သခင်မလေးရဲ့အဆင့်အတန်းက ဘာလဲ။ ငါတို့ သခင်မလေး ဘာဖြစ်သွားတယ် ဆိုတာကို ဂရုမစိုက်တာလား။ သူ့ရဲ့အဆင့်အတန်းနဲ့ဆိုရင် ငါတို့ ဒီနိမ့်ကျတဲ့လူတွေ သူ့ကို ဆက်ပြီးတော့ အနိုင်ကျင့်ဖို့ ခွင့်မပြုနိုင်ဘူး"

ပိုင်ကျီ ခေါင်းခါယမ်းလိုက်ပြီး၊

"ငါတို့ နှစ်ယောက်လုံးက သခင်မလေးရဲ့ အစေခံတွေပဲ။ ငါလည်း သူ့အတွက် အကောင်းဆုံး ဖြစ်စေချင်တာပဲ။ အခုနောက်ပိုင်း မြို့တော်ကနေ ဘာသတင်းမှ မကြားရတော့လို့ပါ။ တကယ်လို့ ငါတို့က ဒီမှာ ခဏပဲ နေရမယ်ဆို တော်ပါသေးရဲ့၊ ဒါပေမဲ့ မင်း မြင်တဲ့အတိုင်းပဲ။ အခု လေးနှစ်တောင် ရှိသွားပြီ။ သခင်ကြီးက တစ်ခါမှ လူလွှတ်ပြီးတော့ သခင်မလေး နေကောင်းလားဆိုပြီး မမေးဖူးဘူး။ တကယ်လို့ ငါတို့ ဒီမှာ အကြာကြီးနေရမယ် ဆိုရင် သူတို့နဲ့ ရန်ဖြစ်နေရင် ခံစားရမဲ့သူက ငါတို့ သခင်မလေးပဲ"

လျှန်ချောင်က ဘာမှမပြောနိုင်တော့ဘူး။ ခဏကြာပြီးမှ သူမက ညင်ညင်သာသာ ပြောလိုက်တယ်။

"ဒါဆို သူတို့က ငါတို့သခင်မလေးကို လွယ်လွယ်နဲ့ နှိပ်စက်နေတာကို ငါတို့ ခွင့်ပြုနေရမှာလား"

ပိုင်ကျီ သက်ပြင်းသာ ချလိုက်မိတော့တယ်။

အိမ်က ပြန်ပြီးတော့ တိတ်ဆိတ်သွားတယ်။ မီးပုံထဲက ထင်းရဲ့ တဖျောက်ဖျောက် မြည်သံကို ကြားနေရတယ်။ အစေခံနှစ်ယောက်ကလည်း သူတို့လက်ထဲမှာ ယပ်တောင်တွေနဲ့ မီးကို ဆက်ပြီး တောက်လောင်စေတယ်။ အိပ်ရာပေါ်က ပုဂ္ဂိုလ်နိုးနေတာကို ဘယ်သူကမှ သတိမထားမိဘူး။

ကျန်းယွမ် နိုးနေတာ အတော်လေး ကြာနေပြီ။ ပိုင်ကျီနဲ့ လျှန်ချောင် ပြောနေတာတွေကို သူမက ကြားနေရတယ်။ သူမ မျက်လုံးတွေ ဖွင့်လိုက်ကတည်းက သူမက လွန်ခဲ့တဲ့ ဆယ့်စုနှစ်က သူမကိုယ်သူမ ပြန်ဝင်စားတာကို အံ့ဩနေမိတယ်။ သူမရဲ့ အတိတ် အဖြစ်အပျက်တွေက နေ့လည်ခင်း တစ်ရေးအိပ်စက်တဲ့ဆီကနေ မက်တဲ့အိပ်မက်လိုပဲ။ ဒါပေမဲ့ သူမ အကြင်နာတရား ကင်းမဲ့စွာ အသတ်ခံခဲ့ရတာက အိပ်မက်အဖြစ် ပျောက်ကွယ်သွားမှာ မဟုတ်ဘူး။ နတ်ဘုရားက သူမကို ဘဝအသစ် ပြန်စဖို့ အခွင့်အရေး ပေးလိုက်တယ်။ သူမက ဒါကို တုံ့ဆိုင်းမနေဘဲ လက်ခံပြီး ကောင်းကောင်း အသုံးချမှာပဲ ဖြစ်တယ်။

အရင်သုံးရက်က သူမ နိုးလာတာကြောင့်သာ ပိုင်ကျီနဲ့ လျှန်ချောင်တို့က သက်ပြင်းချနိုင်ခဲ့တယ်။ ကျန်းယွမ်က ရေကန်ထဲ ကျပြီး ကတည်းက ဆယ်ရက်ကျော် သတိမေ့နေတာ ဖစ်ြတယ်။ သူမကို လာကုတဲ့ သမားတော်တောင်မှ သူမက ကံကြမ္မာကို အံမတုနိုင်ဘူးလို့ ပြောခဲ့တယ်။ ကျန်းလန်မိသားစုကတောင် နာရေးအတွက် စုံစမ်းနေပြီဖြစ်တယ်။ သူမ ပြန်နိုးလာ

မယ်လို့ ဘယ်သူသိမှာလဲ။ ကျန်းယွမ်က သူမမျက်လုံးတွေကို မှိတ်လိုက်တယ်။ လျှန်ချောင်က သူမလက်ကို ကိုင်ပြီး ငိုနေရင်းက ဘုရားသခင်က ကောင်းချီးပေးတယ်လို့ ပြောနေတယ်။

တစ်ခါသေပြီးတဲ့နောက် သူမရဲ့အတိတ်က အဖြစ်အပျက်တွေကို လေထဲမှာ အငွေ့လိုမျိုး မပျောက်သွားဘဲ ကျန်းယွမ်က ပိုပြီးတော့ မှတ်မိနေသေးတယ်။ သူမအမေဆုံးသွားပြီးတဲ့ လေးနှစ်မြောက်မှာ တာအိုဘုန်းကြီးတစ်ပါးက သူမရဲ့အိမ်ကို လာကာ သူမရဲ့အနာဂတ်ကို ဟောလိုက်တယ်။ သူမက သူမရဲ့မိဘများကို ကံဆိုးစေပြီး သူမရဲ့ဖြစ်တည်မှုက တခြားသူရဲ့ဖြစ်တည်မှုကို ဆိုးကျိုးဖြစ်စေတယ်လို့ ဆိုခဲ့တယ်။ ပထမတွင် ကျန်းချွမ်က သူမကို မိသားစုဘုရားကျောင်းဆီကို ပို့ပြီးတော့ သီလရှင် လုပ်ချင်ခဲ့တယ်။ ကျန်းစုစုက ဒူးထောက်ပြီး သနားဖို့တောင်းဆိုလို့ ကျန်းချွမ်က စိတ်ပြောင်းသွားပြီး သူမကို ကျေးလက်ကအိမ်ကို ပို့ခဲ့တယ်။ အဲဒီကိစ္စကြောင့်မို့ ကျန်းယွမ်က ကျန်းစုစုကို စိတ်နှကောင်းရှိတယ်လို့ နှလုံးသားကနေ အလိုအလျောက် မှတ်သားထားခဲ့မိတယ်။ ဒါပေမဲ့ သူမ အခု တွေးမိသမျှမှာ ကျန်းစုစုနဲ့ သူမမိခင်က ပေးခဲ့တဲ့ အဆုံးမဲ့တဲ့ အနိုင်ကျင့်မှုနဲ့ အရှက်ရမှု အားလုံးပဲ ဖြစ်တယ်။

ကျေးလက်အိမ်ကို ကျန်းလန်မိသားစုဆီမှာ အပ်ထားတာ ဖြစ်တယ်။ ကျန်းလန်က လောကြီးပြီး ကပ်စေးနဲတယ်။ လိမ္မာပါးနပ်တယ်။ သူက ကျန်းယွမ်ကို သွယ်ဝိုက်ပြီးတော့ နေ့တိုင်း ဆူပူအရှက်ခွဲဖို့ မပျက်ကွက်ခဲ့ဘူး။ သူမရဲ့ယောက်ျားချန်ဖုက အရက်သမားဖြစ်ပြီး လောင်းကစားလည်း စွဲနေသေးတယ်။ သူတို့မှာ သားတစ်ယောက် သမီးတစ်ယောက် ရှိတယ်။ သူတို့သား ချန်ကျောက်က နှာဘူးတစ်ယောက် ဖြစ်တယ်။ သူ့သမီး ချန်ဖန်းက ထက်မြက်ပေမဲ့ ကြားမကောင်းတဲ့ စကားတွေကို နေ့တိုင်း ပြောတတ်

တယ်။ ကျန်းယွမ် ယူလာတဲ့ လက်ဝတ်ရတနာတွေနဲ့ အသုံးအဆောင်တွေကို ကျေးလက်အိမ်ကို ရောက်တာနဲ့ ကျန်းလန်လက်ထဲကို ဒါမှမဟုတ် ချန်ဖန်းရဲ့လက်ထဲကို တစ်နည်းမဟုတ် တစ်နည်း ရောက်သွားစမြဲ ဖြစ်တယ်။ လွန်ခဲ့တဲ့ ဆယ်ရက်က ချန်ကျောက်က သူမကို ရေကန်ဘေးမှာ မသင့်မလျော် ထိတွေ့ခဲ့တယ်။ ကျန်းယွမ်က အရှက်ခွဲတာကို လက်မခံနိုင်လို့ ရေထဲကို ခုန်ဆင်းခဲ့လိုက်တယ်။ ချန်ကျောက်က ပြဿနာရှာမိတာကို သိတာနဲ့ ထွက်ပြေးသွားတယ်။

အဲဒီအချိန်မှာ လျန်ချောင်နဲ့ ပိုင်ကျီက တစ်ယောက်ယောက်ကို အကူအညီတောင်းနေတဲ့အချိန်မှာ ကျန်းယွမ်က သတိမေ့သွားပြီဖြစ်တယ်။

လပြက္ခဒိန်ရဲ့ နောက်ဆုံးရက်ဖြစ်လို့ ရေကန်ထဲက ရေက အရိုးထိအောင်အေးတယ်။ ဒ့ါအပြင် လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကတည်းက ကျန်းလန်ရဲ့ နှိပ်စက်မှုကြောင့် ကျန်းယွမ်ရဲ့ခန္ဓာကိုယ်က ပိုပိုပြီး အားနည်းလာတယ်။ အအေးမိတာလေးကပဲ ဆိုးရွားတဲ့အခြေအနေကို ဖြစ်စေနိုင်တယ်။ သူမက ချက်ချင်းပဲ အပြင်းအထန် ဖျားတော့တယ်။

ကျန်းယွမ် သေချာမှတ်မိသေးတယ်။ အရင်ကဆို သူမက ဒီလိုအစောကြီး မနိုးနေဘူး။ သူမ သတိပြန်ရလာပြီးနောက်မှာ သူမမှာ ကုမရတဲ့ရောဂါ ဖြစ်လုနီးပါးပဲ။ ဒါပေမဲ့ သိသာတဲ့ မတော်တဆမှုက မကြာခင်မှာ ဖြစ်လာလိမ့်မယ်။ သူမက အဖိုးမဖြတ်နိုင်တဲ့ ခန္ဓာကိုယ်ကို မထောက်ထားဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ယောကျ်ားတွေကို ဆွဲဆောင်နေပြီ ဆိုတဲ့ အတင်းစကားက အိမ်တော်အပြင်မှာ ပျံ့နှံ့နေမှာ ဖြစ်တယ်။ သူမက ချန်ကျောက်ကို အရင်ဆုံးဆွဲဆောင်ခဲ့ပြီးတော့ သူမအကြံမအောင်မြင်ဘဲ ရေထဲကို ကျသွားတယ်။ ပြန်တွေးကြည့်မယ်ဆိုရင် သူမအပေါ်မှာ အပြစ်ပုံချဖို့ ကျန်းလန်က ပြုလုပ်ထားတာ ဖြစ်တယ်။ ဒီလိုမျိုး နာမည်အမည်းစက် ထင်

စေတာက အနာဂတ်မှာ ကျန်းယွမ်က လူကြီးတွေနဲ့ မျက်နှာချင်းဆိုင်တွေ့ တိုင်းမှာ ဖြားယောင်းတတ်တဲ့ မိန်းကလေးဆိုပြီးတော့ သူမကို ထင်မြင်စေမှာသာ ဖြစ်တယ်။

အခု သူမက စောစောနိုးထလာတယ်။ အတင်းစကားကလည်း မပြန့်သေးဘူး။ အခုအချိန်အထိ ဒီအတွေးက ကျန်းလန်ဆီမှာ မပေါ်လာသေးဘူး။ ဒါကြောင့် ကျန်းယွမ်က ဒီအခွင့်အရေးကို သုံးပြီးတော့ သူမကို နှစ်သစ်ကူးလက်ဆောင် ပို့ပေးနိုင်တယ်။ သူတို့ နှိပ်စက်နိုင်မဲ့ ဒီအိမ်ထဲမှာသာ ဆက်နေလို့ကတော့ သူမအတွက် အနာဂတ်ဆိုတာ မရှိနိုင်ဘူး။ ပြီးတော့ လေးနှစ်အကြာမှာ အပေါင်ပစ္စည်းအဖြစ်နဲ့ နန်းတော်ထဲကို စေလွှတ်မှာ ဖြစ်တယ်။ ဒါက သူမ ခံနိုင်ရည်ရှိတာမျိုး မဟုတ်ဘူး။ သူမရဲ့ရည်ရွယ်ချက်က အကြောင်းပြချက်မဲ့ အခွင့်ကောင်းယူဖို့ မဟုတ်ဘူး။ ဒါပေမဲ့ လူတစ်ယောက်ချင်းစီက လုပ်ခဲ့သမျှအတွက် ပြန်ပေးဆပ်ရမဲ့ တန်ဖိုးတစ်ခုစီတော့ ရှိရမယ်။ ဒါကြောင့် သူမက ချန်ကျောက်ကို သူမရဲ့လက်စားချေမှုမှာ ပထမဆုံး သားကောင်အဖြစ် သတ်မှတ်လိုက်တယ်။

ကျန်းယွမ်က ပြတင်းပေါက်အပြင်ကို စိုက်ကြည့်နေတယ်။ ဗျောက်ဖောက်သံတွေက သူတို့သုံးယောက်ကို ပိုပြီး ချမ်းတုန် ထိုင်းမှိုင်းစေတယ်။ သူမက ထိုင်နေရာကနေ ဖြည်းဖြည်းလေး ထလိုက်တယ်။ ပိုင်ကျီက သူမထလာတဲ့ အသံကို ကြားတဲ့အခါ သူမဆီကို မြန်မြန်လာပြီးတော့၊

"သခင်မလေး ထလာပြီပဲ။ သခင်မလေး ဘယ်နားလေးက မသက်မသာဖြစ်နေလို့လဲ"

ကျန်းယွှက ခေါင်းခါလိုက်ပြီး။

"အခု ဘယ်အချိန် ရှိပြီလဲ"

"အခုက ညဦးပိုင်း ခုနှစ်နာရီနဲ့ ကိုးနာရီကြားမှာပါ" ပိုင်ကျီက ပြန်ဖြေ

တယ်။

လျှန်ချောင်က ယပ်တောင်ကို ချလိုက်တယ်။

"သခင်မလေး ဗိုက်ဆာပြီလား၊ ကျွန်မ မီးဖိုချောင်ကနေ စားစရာတချို့ သွားယူလိုက်မယ်"

အိမ်တော်တွေရဲ့ သခင်မလေးတွေ သခင်မတွေက မကောင်းမှုကို ကျူးလွန်ဖူးကြတယ်။ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် လက်ရှိမှာ သူတို့က သခင်တွေသာ ဖြစ်တယ်။ သူတို့ကိုသာ အထူးဆက်ဆံခံရတယ် ဆိုပြီး မရှိရင် အဆင့်နိမ့်ကျွန်နဲ့တောင်မှ နှိုင်းယှဉ်လို့ မရနိုင်ဘူး။ နှစ်သစ်ကူးညစာကို ဘာလို့ စောမပို့တာလဲ ဆိုတာ တွေးကြည့်ရင် သိနိုင်တယ်။

ကျန်းယွမ်က ပြန်မဖြေသေးခင်မှာ တံခါးခေါက်သံကို ကြားလိုက်ရတယ်။ အပြင်ကနေ ကြည်လင်တဲ့အသံက ထွက်လာတယ်။

"သခင်မလေး ကျွန်မ နှစ်သစ်ကူးညစာ လာပို့တာပါ"

လျှန်ချောင်က အံ့သြဆွံ့အသွားတယ်။ ကျန်းယွမ်က ပြောလိုက်တယ်။

"ဝင်လာခဲ့"

တံခါးက အသံမြည်ပြီးတော့ ပွင့်လာတယ်။ တောက်ပပြီးတော့ ကြည့်ကောင်းတဲ့ အစေခံက လက်ထဲမှာ စားစရာခြင်းတောင်းကို ကိုင်ပြီးတော့ ဝင်လာတယ်။ သူမက ပြုံးလိုက်တယ်။

"အန်တီလန်က ကျွန်မကို စားစရာတချို့ ယူလာဖို့ အမိန့်ပေးခဲ့တာ သခင်မလေးလည်း စားသင့်တယ်"

ပိုင်ကျီက ကျန်းယွမ် အတော်ကြာတဲ့အထိ ငြိမ်နေတာကို တွေ့လိုက်တော့ မတင်မကျနဲ့ ခေါင်းညိတ်ပြလိုက်တယ်။ ကျန်းယွမ် မျက်လုံးထဲက ပျံ့နေတဲ့ စိတ်ခံစားချက်ကို သူမ ဖြတ်ခနဲ တွေ့လိုက်ရတယ်။ ပြီးတာနဲ့ ကျန်းယွမ်က

ခေါင်းမော့လိုက်ပြီး အပြုံးသေးသေးလေး ပြုံးလိုက်တယ်။

***